**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

**နေ့စွဲ။** ။ အောက်တိုဘာလ (၁၅) ရက်၊ ၂၀၂၀ ခုနှစ်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးမှု (၅) နှစ်မြောက် ထုတ်ပြန်ကြေညာချက်၊

KNU - ကရင်အမျိုးသားအစည်းအရုံးသည် ကော်ခို စောဘဦးကြီး၏ လမ်းညွှန်မှုဂါဒ (၄) ရပ်ကို အခြေခံပြီး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးအတွက် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုပေါ်ပေါက်လာရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်တွင် NCA ကို လက်မှတ်ရေးထိုးခဲ့ရာ ယခု (၅) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်တိုးတက်မှုမှာ အလွန်တရာ နှေးကွေးပြီးစိန်ခေါ်မှုများစွာဖြင့်တွေ့ကြုံရသော်လည်း KNU အနေဖြင့် မဆုတ်မနစ် အားသွန်ခွန်စိုက် ဖြင့် တစ်စိုက်မတ်မတ်ကြိုးပမ်းလုပ်ဆောင်ခဲ့သည့်အတွက် ဖက်ဒရယ်နိုင်ငံ ထူထောင်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးမှု အဆင့် (၃) ဆင့်နှင့် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ် (၃) ရပ် အား ချမှတ်သဘောတူနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါအဆင့်၊လုပ်ငန်းစဉ်များနှင့် ကိုက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြုပြင်ရေးဆွဲရေးတွင်လည်းတက်ကြွစွာ ပါဝင်ကြိုးပမ်းသွားမည်ဖြစ်သည်။

ယင်းအတွက် ကရင်အမျိုးသားပြည်သူလူထုအနေဖြင့်

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သတ်မှတ်ချက်အောက်တွင် ပြုလုပ်ကျင်းပသည့် ရွေးကောက်ပွဲတွင် ကရင်အမျိုးသားများနှင့် ကရင့်ပါတီများအားတခဲနက် မဲပေးခြင်းဖြင့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အား ကိုယ်တိုင်ပါဝင်ကာ တဆင့်ပြီး တဆင့် ရယူကြရန်၊

၂။ နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ကော်ခို စောဘဦးကြီး၏ လမ်းညွှန်မှုနှင့် KNU ၏ (၁၆) ကြိမ်မြောက်ကွန်ကရက်၏လမ်းညွှန်ချက်များအတိုင်း ရပ်တည်ချက်ခိုင်မာစွာဖြင့် စုစည်းညီညွတ်ကြလျက် နိုင်ငံရေးဆွေးနွေးမှုများတွင်ပါဝင်ကြရန်တိုက်တွန်းပါသည်။

KNU အနေဖြင့် အပစ်အခတ်ရပ်စဲရေးခိုင်မာခြင်း နှင့် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုများတွင် မည်သူကိုမှချန်လှပ်မထားဘဲ အားလုံးပါဝင်နိုင်သည့်လုပ်ငန်းစဉ်ဖြစ်ပေါ်ခြင်းဖြင့်ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးအတွက် ကြိုးစားလုပ်ကိုင်ကြရန် (၅) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့တွင် သက်ဆိုင်ရာ Stakeholders များအားလုံးအားတိုက်တွန်းပါသည်။

**ဗဟိုအလုပ်မှုဆောင်ကော်မတီ**
**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**


ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+ ၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+ ၆၆ ၆၄၆ ၄၅၉ ၁၁၃)